**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## (၃၁) နှစ်မြောက် ကရင်အမျိုးသား ရဲတပ်ဖွဲ့ နေ့ သို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ --- ၂၇၆၁ ခုနှစ်၊ တော်သလင်း(ဆိမူ) လပြည့်နေ့၊
စက်တင်ဘာလ(၉)ရက်၊ ၂၀၂၂ခုနှစ်

ယနေ့သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ **ကရင်အမျိုးသား ရဲတပ်ဖွဲ့**(Karen National Police Force) ၏ (၃၁) နှစ်မြောက် နေ့ဖြစ်ပါသည်။ ဤကဲ့သို့သော ကရင်အမျိုးသား ရဲတပ်ဖွဲ့နေ့တွင် ကရင်အမျိုးသား ရဲတပ်ဖွဲ့ မှ အရာရှိများ နှင့် ရဲတပ်ဖွဲ့ဝင်အားလုံး ကာယခွန်အား၊ ဉာဏခွန်အား၊ စိတ်ဓါတ်ခွန်အားနှင့် တော်လှန်ရေး စိတ်ဓာတ်များဖြင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ကရင်အမျိုးသား ရဲတပ်ဖွဲ့** သည် နိုင်ငံရေး အခြေအနေနှင့် လုပ်ငန်းလိုအပ်မှု အရပ်ရပ်ကြောင့် (၁၀) ကြိမ်မြောက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ကွန်ကရက်၏ ဆုံးဖြတ်ချက်အရ ဗဟို အမြဲတမ်းကော်မတီက ၁၉၉၁ ခုနှစ် စက်တင်ဘာလ (၉) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထို့ကြောင့်၊ ဤနေ့ရက်အား လေးစားအသိအမှတ်ပြုပြီး ကရင်အမျိုးသား တော်လှန်ရေး သမိုင်း **နေ့ထူးနေ့မြတ်** အဖြစ် ကျင်းပသွားကြရမည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤ ကရင် အမျိုးသား ရဲတပ်ဖွဲ့အား ပြည်သူလူထု၏ ဘဝလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဖွဲ့စည်း တည်ဆောက် ထားခြင်းဖြစ်ပါသည်။ ထို့အပြင်၊ ဤ **ကရင်အမျိုးသား ရဲတပ်ဖွဲ့** သည် ကရင်အမျိုးသား များ၏ လိုအင်ဆန္ဒနှင့် ကရင်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက် ပန်းတိုင်အား ပြီးမြောက် အောင်မြင်စေရန် ပြည်သူလူထုနှင့် နီးနီးကပ်ကပ် အကောင်အထည်ဖေါ်လုပ်ဆောင်ရမည့် တာဝန်ရှိ ပါသည်။

တရားဥပဒေ စိုးမိုးရေးနှင့် ပြည်သူလူထု၏ ဘဝလုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် ကရင်အမျိုး သား ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ပံ့ပိုးကူညီမှုများသည် တရား ဥပဒေ စိုးမိုးရေးနှင့် ပြည်သူလူထု၏ ဘဝလုံခြုံရေးအတွက် အကောင်အထည်ဖေါ် ဆောင်ရွက်ရာ၌ အဓိက ကျသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ထို့ကြောင့်၊ ကရင်အမျိုးသား ရဲတပ်ဖွဲ့ဝင်များ အပေါ် ပြည်သူလူထု၏ ယုံကြည်မှုနှင့် အားထားမှုများသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင် နေပါသည်။ ယုံကြည်မှု မရှိပါက ပူးပေါင်းပါဝင်မှုများ ရရှိရန်အတွက် ခက်ခဲပြီး တရားဥပဒေ စိုးမိုးရေး နှင့် ပြည်သူလူထု၏ ဘဝလုံခြုံရေးအတွက် အာမခံချက်များ ဆောင်ချဉ်းပေးနိုင်မည် မဟုတ်ပေ။

ထို့ကြောင့်၊ ပြည်သူ လူထု၏ လေးစားအသိအမှတ်ပြုမှု၊ ယုံကြည်အားထားမှုနှင့် ပူးပေါင်းပါဝင်မှုများ ရရှိရန် ဒေသခံပြည်သူလူထု၏ ရိုးရာ၊ ဓလေ့ထုံးတမ်းများအား လေးစားတန်ဖိုးထားပြီး အသိ အမှတ်ပြုရန် ကရင့်အမျိုးသား ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် အထူးအလေးထား ဆောင်ရွက်ရပါမည်။

ထို့အပြင်၊ ဒေသ လုံခြုံရေးနှင့် ဒေသခံ ပြည်သူလူထု၏ ဘဝလုံခြုံမှု အာမခံချက်များအတွက် လူငယ် လူရွယ်များ၏ အင်အား၊ ယုံကြည်အားထားမှုနှင့် ပူးပေါင်းပါဝင်မှုများသည် အရေးကြီးသည့် အချက်များ ဖြစ်ပါသည်။ ထို့ကြောင့်၊ လူငယ်လူရွယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး မိမိတို့ ရဲတပ်ဖွဲ့ဝင်များ၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်များကိုလည်း ထာဝစဉ် မြှင့်တင်ရပါမည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များကို ပြီးပြည့်စုံစေရန်အတွက် ကရင့်အမျိုးသား ရဲတပ်ဖွဲ့အား ထူထောင်ရခြင်းသည်လည်း ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့်ဆိုသော အချက်ကိုလည်း အထူးဂရုပြုကြရပါမည်။ ထို့ကြောင့်၊ ကရင့်အမျိုးသား ရဲတပ်ဖွဲ့ဝင် အနေဖြင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ရာဇဝတ်မှု၊ တရားမမှုနှင့် ဆိုင်သော ဥပဒေ များ၊ အခြားသော ဥပဒေများအပြင် ဥပဒေကြောင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို နားလည်ရန် သေသေချာချာ လေ့လာသင်ယူရပါမည်။ ထို့အပြင်၊ ကရင့်အမျိုးသား ရဲတပ်ဖွဲ့ဝင် အကြီးအကဲများ၊ အရာရှိများ အနေဖြင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးနှင့် သက်ဆိုင်သည့် ဖက်ဒရယ်လုံခြုံရေးစနစ် နှင့် လုပ်ထုံးလုပ်နည်း များကိုလည်း အစဉ်တစိုက် လေ့လာမှတ်သားပြီး မိမိတို့၏ အဆင့်ဆင့်ရှိ သက်ဆိုင်ရာ အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များ ကိုလည်း သင်ကြား ပို့ချပေးရန် လိုအပ်ပါသည်။

မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးနှင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်နှင့်အညီ ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားအတိုင်း ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး အပြင် ပြည်သူလူထု တရပ်လုံးနှင့် လက်တွဲပြီး ပြည်သူလူထုအတွက် မလုံခြုံမှုများ နှင့် စိုးရိမ်ကြောင့်ကြမှုများကို ဖန်တီးဖြစ်ပေါ်စေသော ဒုစရိုက်သမားများ၏ ရန်အပေါင်းမှ **ကြိုတင်ကာကွယ်ရေး၊ လျော့ချရေး နှင့် ထိုက်သင့်သည့် အပြစ်ဒဏ်များနှင့်အညီ ပြစ်ဒါဏ်များ ချမှတ်နိုင်ရေး** အစီအမံများ ချမှတ်ပြီး မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးနှင့်အတူ သက်ဆိုင်ရာ ပြည်သူလူထုနှင့် လက်တွဲပြီး ပြည်သူလူထုကြီးမှ အပြည့်အဝ ယုံကြည်အားထားနိုင်သည့် **ကရင့်အမျိုးသား ရဲတပ်ဖွဲ့** ဖြစ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်သွားရန် တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ် အပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**